# ဒါကို ဂျွန်လုပ်ခဲ့တယ်

ဧည့်သည်တစ်ဦးက လွန်ခဲ့သောနှစ် (၁၇၀၀)အချိန်ကာလများအတွင်း အင်္ဂလန်အနောက်မြောက်ပိုင်း ကမ်းရိုးတန်းရှိ လန်ကက်ရှိုင်းယားနယ်သို့ အလည်အပတ် ရောက်ရှိခဲ့ရာ ထိုဒေသ၏ စည်းကမ်းမဲ့ ပရမ်းပတာ နေထိုင်မှုနှင့် အသောက်အစားကြမ်းတမ်းခြင်းနှင့်ဆိုင်သော ကျော်စောမှုက အမှန်ပင် ထိုက်တန်လှကြောင်း တွေ့ရှိခဲ့ရသည်။ သို့သော်နှစ်အနည်းငယ်အကြာ ထိုဧည့်သည်ပြန်ခါနီး၌ သူသည် ထူးထူးခြားခြား ကွဲပြားမှုကို တွေ့ခဲ့ရပါသည်။ ယခင်က အရက်အလွန်အကျွံသောက်သူ ကြွက်တွင်းများသည် တကယ့်ကို ယဉ်ပါးလာကြခါ အရက်မူးပြီး ပြုမူလုပ်ဆောင်နေမှုများ လျော့နည်းလာခြင်းက အခြားသော လူမှုရေးကဏ္ဍများကို တိုး တက်ပြောင်းလဲလာစေခဲ့ကြောင်း တွေ့ခဲ့ရပါသည်။

ဧည့်သည်က ကြွက်တွင်းဟောင်းတစ်ဦးအား မည်သည့် အရာများ ဖြစ်ပျက်ခဲ့သည်ကို မေးမြန်းခဲ့ရာ ထိုလူက"ကျွန်တော်တို့ဆီကို ဂျွန်ဝက်စလီဆိုတဲ့လူတစ်ယောက် ရောက်လာခဲ့ပါတယ်"ဟု ပြန်ဖြေခဲ့ပါသည်။ ဘာမျှ ထပ်ပြောပြရန် မလိုတော့ပါ။

ဂျွန်ဝက်စလီကို မက်သဒစ်အသင်းတော် တည်ထောင်သူအနေဖြင့် သင်သိပေလိမ့်မည်။ သို့သော် လန်ကက်ရှိုင်းယားဒေသမှ လူများကမူ သူသည် ၎င်းတို့၏အသက်တာကို ပြောင်းလဲပစ်ဖို့ ဘုရားသခင် အသုံးပြုခဲ့သူဟု သိခဲ့ကြပါသည်။

ဝက်စလီ၏အလုပ်သည် ကျွန်ုပ်တို့၏ အလုပ်နှင့်အတူတူပင်ဖြစ်သည်။ ကမ္ဘာလောကသားတို့ ခရစ်တော်ကို သိရှိရန်နှင့် ၎င်းတို့သည် ခရစ်တော်ကို အသည်းအသန်လိုအပ်လာစေရန် ပြုလုပ်ခြင်းပင်ဖြစ်သည်။

ယင်းသည် ပုဂ္ဂိုလ်ရေးရာ ပင်ကို စွမ်းရည် (သို့မဟုတ်) ဆွဲဆောင်အားကြောင့် ဖြစ်ခြင်းမဟုတ်ပါ။ ယေရှုခရစ်တော်သည် ကျွန်ုပ်တို့အပြစ်များအတွက် အသေခံစဉ်က လိုအပ်သည့် အရာအားလုံးကို လုပ်ဆောင်ခဲ့ပြီးဖြစ်သည်။ ကျွန်ုပ်တို့သည် လူအများအား သူ့အကြောင်း ပြောပြရုံမျှသာ လုပ်ဆောင်ရပါမည်။

**- Radio Bible Class**

---

တစ်စုံတစ်ဦး၏ အသက်တာကို ပြောင်းလဲရန် သင်ကူညီနိုင်လိမ့်မည်မဟုတ်ဟု သင်ခံစားရပေလိမ့်မည်။ သို့သော် ထိုသူတို့ကို ပြောင်းလဲရန် သင်လုပ်ဆောင်ခြင်းမဟုတ်ဘဲ ဘုရားသခင်က လုပ်ဆောင်နေသည်ဆိုသည်ကို သတိရပါ။ သင်သည် သူတို့ကို ဘုရားသခင်နှင့် ချိတ်ဆက်ပေးခြင်း၊ မည်သို့ ဆုတောင်းရမည်ကို ပြသခြင်း၊ ဘုရားနှင့် ဆက်သွယ်ရမည်ကို လုပ်ဆောင်ပြခြင်းမျှသာ လုပ်ဆောင်ရမည်ဖြစ်ပြီး ကျန်သည့်အရာများကို ဘုရားသခင်က လုပ်ဆောင်သွားပါလိမ့်မည်။ ဘုရားသခင်သည် ဆုတောင်းခြင်းကို အဖြေပေးမည်ဖြစ်သောကြောင့် နောက်ပိုင်းတွင် ဘဝအသက်တာများ ပြောင်းလဲလာသည်ကို သင်တွေ့ရပါလိမ့်မည်။ ဘုရားသခင်သည် ဤ ကိစ္စကို လုပ်ဆောင်ပါလိမ့်မည်။

**- Chole West**



---

# သင်သည် ကမ္ဘာကြီးကို ပြောင်းလဲပစ်နိုင်သည်

**You Can Change the World**

တစ်ခါတစ်ရံ တစ်စုံတစ်ဦး၏ အသက်တာကို ပြောင်းလဲပစ်ရန် များစွာလုပ်ဆောင်ရန်မလိုပါ။ (၁၉၇၆)ခုနှစ်က မွန်ထရီယယ်မြို့၌ ကျင်းပသော ကမ္ဘာ့ကုန်စည်ပြပွဲသို့ ကျွန်တော်နှင့် ကျွန်တော့်မိသားစု သွားရောက်လည်ပတ်စဉ်က ဖြစ်ခဲ့သည့် အဖြစ်အပျက်က ကျွန်တော့်ကို သတိရစေပါသည်။ အသက် (၈၀)အရွယ်ရှိပြီး ခရစ်ယာန်ဘာသာ၌ စိတ်အားထက်သန်ဆဲဖြစ်သော ကျွန်တော်၏မိခင်ကို ဆိုဗီယက်ပြပွဲသို့ လည်ပတ်ရန် ခေါ်သွားခဲ့ပါသည်။ ပြခန်းအတွင်းသို့ ကျွန်တော်တို့ ဝင်သွားသောအခါ အရပ်မြင့်မြင့် ဆံပင်သပ်ရပ်စွာ ညှပ်ထားပြီး ရုပ်ရည်ချောမောသော ရုရှားလူငယ် ဒါရိုက်တာတစ်ဦးသည် ကျွန်တော်တို့ထံလာ၍ အမေ့အား ဘီးတပ်ကုလားထိုင်ဖြင့် လိုက်လံရှင်းပြပေးရန် ကမ်းလှမ်းခဲ့ပါသည်။

သူသည် စေတနာဖြင့် အမေ့အနီးတွင် အစောင့်အရှောက်အဖြစ် လိုက်ပါလျက် ပြခန်းအတွင်း လှည့်လည်၍ အမေ့ကို ရှင်းပြခဲ့ပါသည်။

နောက်ထပ်နှစ်နာရီအကြာတွင် သူတို့သည် တစ်ယောက်အပေါ်တစ်ယောက် စိတ်ဝင်စားလာကြသည်။ အသစ်တီထွင်မှုများ ခင်းကျင်းပြသထားသည်ကို သူညွှန်ပြသည့်အခါ အမေက စိတ်ဝင်စား၍ အပြန်အလှန် လေးလေးနက်နက် စကားပြောကြပါသည်။ သို့သော် နောက်ပိုင်းတွင် ကျွန်တော်တွေ့ရသည်မှာ သူတို့သည် အသေးစား စက်မှုဆိုင်ရာ ပစ္စည်းများအကြောင်းမျှသာမဟုတ်တော့ဘဲ ပို၍များစွာ ပြောဆိုခဲ့ကြပါသည်။ ကျွန်တော်တို့၏ လည်ပတ်မှု ပြီးဆုံးသောအခါ သူသည် ကျွန်တော်တို့ကို ချစ်ခင်စွာဖြင့် နှုတ်ဆက်ပြီး "နောက်တစ်ကြိမ်လာခဲ့ပါဦး"ဟု ဖိတ်ခေါ်ခဲ့ပါသည်။ သူသည် အလွန်ဧည့်ဝတ်ကျေပွန်သောသူဖြစ်ပြီး ထိုအချိန်ကလေး၌ ကျွန်တော့်အမေနှင့် အတူတကွ စကားပြောနေကြသည်မှာ အလွန်ရင်းနှီးမှု ရှိသည့်ပုံပင်ဖြစ်သည်။

ရက်သတ္တပတ်အနည်းငယ်အကြာတွင် ကျွန်တော်တို့သည် သူ့ထံမှ စာတစ်စောင်ကို လက်ခံရရှိခဲ့ပါသည်။ "သင်သည် ကျွန်ုပ်၏အသက်တာကို ပြောင်းလဲစေခဲ့ပြီ"ဟူ၍ သူ၏စာထဲတွင် ပြောထားပါသည်။ "အဒေါ်အကြံပြုထားတဲ့အတိုင်းဘဲ ကျွန်တော်ဟာ ခရစ်တော်ကို လက်ခံခဲ့ပါတယ်။ အဒေါ်ဟာ ကျွန်တော့်ရဲ့တွေးခေါ်ခြင်း၊ ယုံကြည်ခြင်းလမ်းအားလုံးကို ပြောင်းလဲစေခဲ့ပါတယ်။ အဒေါ်ဟာ ကျွန်တော့်ကို ပြောင်းလဲစေခဲ့ပါပြီ။ ဒါပေမယ့် ကျွန်တော့်မှာ ဇနီးနဲ့ သားသမီး (၃)ယောက်ရှိပြီး ခရစ်ယာန်ဘာသာကို ယုံကြည်သက်ဝင်မှုဟာ ဥပဒေနဲ့ ဆန့်ကျင်တယ်လို့ ယူဆတဲ့ ကွန်မြူနစ်လူမှုအသိုင်းအဝိုင်းအတွင်း ကျွန်တော်နေထိုင်နေရပါတယ်။ ဒါကြောင့် အခု ကျွန်တော်ဘာလုပ်ရမလဲ?

ကျွန်တော်၏မိခင်က ထိုလူငယ်အား အကြံပြု၍ ပြန်ရေးထားသည့်စာ၏အနှစ်ချုပ်မှာ"ကမ္ဘာကြီးကိုပြောင်းလဲပစ်လိုက်ပါ၊မင်းနေထိုင်တဲ့ ကမ္ဘာကြီးကို ပြောင်းလဲပစ်လိုက်ပါ၊ အခုစလုပ်ပါ။

မင်းအတွက် ဘုရားသခင် ဘာတွေလုပ်ပေးခဲ့သလဲ၊ သူ့ရဲ့မေတ္တာနဲ့သမ္မာတရားက မင်းတစ်ယောက်တည်းအတွက် ဘာတွေ လုပ်ပေးခဲ့သလဲဆိုတာကို လူတွေကိုပြောပြလိုက်ပြီးရင် ကွန်မြူနစ်ကမ္ဘာမှာ ဖြစ်လင့်ကစား မင်းဟာ မင်းနေတဲ့ ကမ္ဘာကြီးရဲ့ အစိတ်အပိုင်းကနေပြီး စတင်ပြောင်းလဲလာနိုင်ပါလိမ့်မယ်။"

**- David Brandt Berg (Dare to be different)**